## နိဒါန်း

*ဤဒုတိယစာစောင်၌**ပေါလု**သည် ငယ်ရွယ်သူ လုပ်ဖော်ကိုင်ဘက်နှင့် လက်ထောက်ဖြစ်သော **တိမောသေဦး**အား ကိုယ်ပိုင်အကြံပြုချက်များ အထူးသဖြင့်ပါရှိသည်။ အဓိကအကြောင်းအရာမှာ ခံနိုင်ရည်ရှိရန်ဖြစ် ၏။ အတိုက်အခံပြုသူများ၏ ထိုးနှက်မှုနှင့်ဆင်းရဲဒုက္ခ များကို ရင်ဆိုင်နေရစဉ် ခရစ်တော်**ယေရှု**ကို သက်သေခံရန်လည်းကောင်း၊ သတင်းကောင်းနှင့် ဓမ္မဟောင်းကျမ်းစာတွင်ပါရှိသည့်သစ္စာတရားကို စွဲမြဲစွာဆုပ်ကိုင်ထားရန်လည်းကောင်း၊သွန်သင်သူနှင့် သတင်းကောင်းကိုဟောပြောသူ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ရန်လည်းကောင်း**တိမောသေဦး**အားအကြံပေး တိုက်တွန်းထားသည်။*

*လူတို့အားကောင်းကျိုးမပေးဘဲဆိုးကျိုးကိုသာ ပေးတတ်သော ဉာဏ်တိမ်မိုက်မဲသည့် ငြင်းခုံမှုမျိုးကို ရှောင်ရှားရန်လည်းအထူးသတိပေးထားသည်။ စာရေးသူသည်မိမိ၏ဘဝနှင့်မျှော်မှန်းချက်များကိုဖော်ပြလျက် မိမိ၏ယုံကြည်ခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ ချစ်ခြင်းမေတ္တာ၊ ခံနိုင်ရည်နှင့် ညှဉ်းနှင့်ဆဲနှိပ်စက်ခံရခြင်း စသည်တို့ကိုအတုယူရန် **တိမောသေဦး**အားနှိုးဆော်ထားလေသည်။*

### *အကြောင်းအရာအကျဉ်းချုပ်*

| | |
|---|---|
| *–နိဒါန်း* | *၁း၁–၂* |
| *–ချီးမွမ်းထောပနာပြုခြင်း၊ အားပေး တိုက်တွန်းခြင်း* | *၁း၃–၂း၁၃* |
| *–အကြံပေးခြင်းနှင့်သတိပေးခြင်း* | *၁း၁၄–၄း၅* |
| *–ပေါလုကိုယ်တိုင်ကြုံတွေ့ရသည့် အခြေအနေ* | *၄း၆–၁၈* |
| *–နိဂုံး* | *၄း၁၉–၂၂* |

## အခန်းကြီး (၁)

၁။ ဘုရားသခင်၏ အလိုတော်အားဖြင့် ခရစ်တော်
**ယေရှု**၏တမန်တော်ဖြစ်ပြီး၊ ခရစ်တော်**ယေရှု**နှင့်
တစ်လုံးတစ်ဝတည်းဖြစ်ခြင်းအားဖြင့်ငါတို့ရရှိမည်
ဟုကတိထားတော်မူသော အသက်အကြောင်းကို
၂။ ကြေညာရန်စေလွှတ်ခံရသူငါ**ပေါလု**ထံမှ၊ ငါ၏ချစ်
သား**တိမောသေဦး**ထံသို့ စာရေးလိုက်သည်။ ခမည်း
တော် ဘုရားနှင့် ငါတို့အရှင် ခရစ်တော်**ယေရှု**
သည် ကျေးဇူးတော်၊ ကရုဏာတော်နှင့်ငြိမ်သက်
ခြင်း မင်္ဂလာအပေါင်းတို့ကို သင့်အားပေးသနား
တော်မူပါစေသော်။

### ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် အားပေးစကား

၃။ ငါသည် ဘိုးဘေးများနည်းတူ ကြည်လင်သောသြ
တ္တပ္ပစိတ်နှင့်ကိုးကွယ်သော ဘုရားသခင်၏ကျေးဇူး
တော်ကို ချီးမွမ်းပါ၏။ ငါသည် နေ့ညဉ့်မပြတ်ဆု
တောင်းပတ္ထနာပြုရာတွင် သင့်အားအောက်မေ့သတိ
ရသောကြောင့် ဘုရားသခင်အား ကျေးဇူးတော်ကို
၄။ ချီးမွမ်းပါ၏။ သင်မျက်ရည်ကျရခြင်းများကို ငါ
အောက်မေ့သတိရသောကြောင့် ငါသည် သင့်အား
အလွန်တွေ့မြင်လိုပါ၏။ သင့်ကိုတွေ့မြင်ရခြင်းသည်
၅။ ငါ့အား ဝမ်းမြောက်စေလိမ့်မည်။ သင်၏ အဖွား
**လောအိ**နှင့်အမိ**ယုနစ်**တို့၌ရှိသော စစ်မှန်သည့် ယုံ
ကြည်ခြင်းသည် သင်၌ရှိ ကြောင်းကိုငါသတိရ၏။
ထိုယုံကြည်ခြင်းမျိုးသည် သင်၌ရှိသည်ဟူ၍လည်း
၆။ ငါစိတ်ချ၏။ သို့ဖြစ်၍ သင့်အပေါ်လက်တင်စဉ်က
ဘုရားသခင်ထံတော်မှ သင်ရရှိသည့် ဆုကျေးဇူးကို
ရှင်သန်လျက်ရှိစေရန် သင့်အားငါသတိပေးနှိုးဆော်
၇။ ပါ၏။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ငါတို့
အား ကြောက်စိတ်ကို ပေးတော်မမူဘဲ ငါတို့အား
တန်ခိုးတော်နှင့်လည်းကောင်း၊ ချစ်ခြင်းမေတ္တာနှင့်
လည်းကောင်း၊ မိမိကိုယ်ကိုချုပ်တည်းနိုင်ခြင်းသတ္တိ
၈။ နှင့်လည်းကောင်း ပြည့်လျှံစေ၏။ သို့ဖြစ်၍ ငါတို့
သခင်ဘုရား၏အကြောင်းကိုသက်သေခံရန် မရှက်
နှင့်။ ခရစ်တော်အတွက် အကျဉ်းသားဖြစ်သူ ငါ၏
အတွက်လည်း မရှက်နှင့် ဘုရားသခင်ထံမှခွန်အား
ရရှိသည့်အတိုင်း သတင်းကောင်းအတွက် ငါနှင့်
၉။ အတူ ဒုက္ခခံလော့။ ဘုရားသခင်သည် ငါတို့အား
ကယ်တင်တော်မူ၍ မိမိ၏လူမျိုးတော်အဖြစ် ရွေး
ကောက်တော်မူသည်မှာ ငါတို့ပြုလုပ်ခဲ့သည့်ကောင်း
မှုတစ်စုံတစ်ရာကြောင့်မဟုတ်၊ ကိုယ်တော်၏အကြံ
အစည်တော်နှင့် ကျေးဇူးတော်ကြောင့်ဖြစ်ပေသည်။
ကိုယ်တော်သည် ကမ္ဘာမတည်မီကာလကပင် ခရစ်
တော်**ယေရှု**အားဖြင့် ငါတို့အား ထိုကျေးဇူးတော်ကို
၁၀။ ချပေးတော်မူ၏။ သို့ရာတွင်ယခုကယ်တင်ရှင်ခရစ်
တော်**ယေရှု**ကြွလာတော်မူခြင်းအားဖြင့် ထိုကျေးဇူး

တော်သည် ပေါ်လွင် ထင်ရှားလာလေပြီ။ ကိုယ်
တော်သည် သေခြင်းတရားကို နိဂုံးချုပ်တော်မူပြီး
လျှင် သတင်းကောင်းအားဖြင့် သင်္ခါရကင်းခြင်း
တရားကို ပေါ်လွင်ထင်ရှားစေတော်မူသည်။
၁၁။ ဘုရားသခင်သည်ထိုသတင်းကောင်းကိုကြေညာရန်
ငါ့ကိုတမန်တော်နှင့်ဆရာအဖြစ်ခန့်ထားတော်မူ၏။
၁၂။ ထိုအကြောင်းကြောင့် ငါသည် ဤဆင်းရဲဒုက္ခများ
ကိုခံခြင်းဖြစ်ပေသည်။ သို့သော် ငါ၌ယုံကြည်စိတ်
ချမှု အပြည့်အဝရှိ၏။ အဘယ်ကြောင့်ဆိုသော် ငါ
သည် အဘယ်သူကို ယုံကြည်အားထားရမည်ကို
လည်းကောင်း၊ ထိုအရှင်၌ငါအပ်ထားသောအရာကို
ကိုယ်တော်ရှင်သည် စောင့်ထိန်းနိုင်တော်မူကြောင်း
ကိုလည်းကောင်း၊ ငါအသေအချာသိသောကြောင့်
၁၃။ ဖြစ်၏။ စံနမူအဖြစ်လိုက်နာရန် ငါသွန်သင်ခဲ့သည့်
မှန်ကန်သောဩဝါဒကို စွဲမြဲစွာဆုပ်ကိုင်ထားလော့၊
ခရစ်တော်**ယေရှု**နှင့် ငါတို့တစ်လုံးတစ်ဝတည်းဖြစ်
ခြင်းအားဖြင့်ရရှိသည့် ယုံကြည်ခြင်းတရားနှင့် မေ
၁၄။ တ္တာတရား၌တည်မြဲပါလော့။ သင့်အားပေးအပ်ထား
သော ကောင်းမြတ်သည့်အရာများကို ငါတို့တွင်
ကိန်းအောင်းတော်မူသောမွန်မြတ်သောဝိညာဉ်တော်
၏တန်ခိုးတော်အားဖြင့် ထိန်းသိမ်း စောင့်ရှောက်
၁၅။ လော့။ သင်သိရှိသည့်အတိုင်း**ဖိဂေလု**နှင့်**ဟေမိုဂျင်း**
အပါအဝင် **အာရှ**နယ်ပယ်၌နေသူအပေါင်းတို့သည်
၁၆။ ငါတို့ကိုစွန့်သွားကြလေပြီ။ သခင်ဘုရားသည် **အို
နေစိဖေါရု**မိသားစုအပေါ် ကရုဏာသက်တော်မူပါ
စေ။ ထိုသူသည် ငါ့အား အကြိမ်ကြိမ်အဖန်ဖန်
စိတ်သက်သာစေ၏။ ငါသည်အကျဉ်းသားဖြစ်လျက်
နေသော်လည်း သူသည် ငါ့အတွက် မရှက်ဘဲ၊
၁၇။ **ရောမ**မြို့သို့ရောက်လျှင်ရောက်ခြင်း ငါ့ကိုမတွေ့တွေ့
၁၈။ အောင်ရှာ၏။**ဧဖက်စု**မြို့တွင်သူသည်ငါ့အားအဘယ်
မျှလောက်ပြုစုသည်ကိုသင်ကောင်းစွာသိ၏။တရားစီ
ရင်တော် မူရာနေ့ရက်ကာလ၌ သခင်ဘုရားသည်
သူ့အား ကရုဏာတော်ကို ခံစားခွင့်ပေးသနားတော်
မူပါစေသော်။

## အခန်းကြီး (၂)
## ခရစ်တော်ယေရှု၏
## သစ္စာရှိသောစစ်သည်တော်

၁။ ငါ့သား၊ ခရစ်တော်**ယေရှု**အားဖြင့် ငါတို့တစ်လုံး
တစ်ဝတည်းဖြစ်ခြင်းကြောင့် ရရှိသည့် ဆုကျေးဇူး
၂။ တော်အားဖြင့် သင်သည် ကြံ့ခိုင်ခြင်းရှိလော့။အသိ
သက်သေများရှေ့တွင် ငါသွန်သင်ခဲ့သည့်အရာများ
ကိုသင်သည်ကြားသိခဲ့ရလေပြီ။ သူတစ်ပါးတို့အား
တစ်ဆင့် သွန်သင်နိုင်မည်ဟု စိတ်ချယုံကြည်ရသူ
တို့အား ထိုသွန်သင်ချက်များကို လက်ဆင့် ကမ်း
၃။ လော့။ သင်သည် ခရစ်တော်**ယေရှု**၏သစ္စာရှိသော
စစ်သည်တော်ကောင်းတစ်ဦးအနေဖြင့် ဆင်းရဲဒုက္ခ
၄။ ကိုခံလော့။ အလုပ်ဝတ္တရား ထမ်းဆောင်နေဆဲဖြစ်
သော စစ်သည်တော်တစ်ဦးသည် မိမိတပ်မှူး၏
ကျေနပ်မှုကို ရရှိလို၏။ လူမှုရေးနှင့်ဆိုင်သော အမှု
၅။ ကိစ္စများ၌ပါဝင်ပတ်သက်ခြင်းမရှိချေ။ အားကစား
သမားတစ်ဦးသည် အားကစားမှုဆိုင်ရာစည်းကမ်း
ဥပဒေများကိုမလိုက်နာလျှင် အောင်ပန်းကိုဆွတ်ခူး
၆။ နိုင်လိမ့်မည်မဟုတ်။ ပင်ပန်းစွာ အလုပ်လုပ်ခဲ့သော
လယ်သမားသည်သီးနှံကိုဦးစွာစားသုံး သင့်သည်။
၇။ ငါ့စကားကိုစဉ်းစားဆင်ခြင်လော့၊ ထိုအကြောင်းကို
နားလည်စေရန် သခင်ဘုရားသည် သင့်အားကူညီ
၈။ တော်မူလိမ့်မည်။ ငါဟောပြောသောသတင်းကောင်း
အရ **ဒေးဗစ်**မင်းကြီးမှ ဆင်းသက်တော်မူပြီး
သေခြင်းမှရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်
၉။ **ယေရှု**ကို သတိရလော့။ ငါသည် သတင်းကောင်း
အတွက်ကြောင့် ရာဇဝတ်ကောင်ကဲ့သို့ ဒုက္ခခံရ၍
သံကြိုးများနှင့်ပင် အချည်အနှောင်ခံရ၏။ သို့သော်
ဘုရားသခင်၏ နှုတ်ကပတ်တော်မှာမူ ချည်နှောင်မှု
၁၀။ နှင့်ကင်းလွတ်၏။ ထို့ကြောင့် ငါသည်ဘုရားသခင်
ရွေးကောက်တော်မူသော လူမျိုးတော်အတွက် မည်
သည့်ဒုက္ခဆင်းရဲခြင်းကိုမဆိုခံရ၏။ ဤသို့ခံခြင်းမှာ
ထိုသူတို့သည်လည်း ခရစ်တော်**ယေရှု**မှတစ်ဆင့်ရ
ရှိလာသော ကယ်တင်ခြင်းကျေးဇူးတော်နှင့် ထာဝရ
၁၁။ ဘုန်းအသရေတော်ကိုခံရပေရန်ဖြစ်၏။ အောက်ပါ
စကားသည်သစ္စာစကားဖြစ်ပေသည်။ “ငါတို့သည်
ကိုယ်တော်နှင့်အတူသေလျှင် ကိုယ်တော်နှင့်အတူ

၁၂။ ရှင်လိမ့်မည်။ ငါတို့သည်ခံနိုင်ရည်ရှိလျှင် ကိုယ်
တော်နှင့်အတူ စိုးစံရလိမ့်မည်။ ကိုယ်တော်အား
စွန့်ပယ်လျှင် ကိုယ်တော်သည် ငါတို့ကို စွန့်ပယ်
၁၃။ လိမ့်မည်။ငါတို့သစ္စာဖောက်သော်လည်းကိုယ်တော်
သည်သစ္စာတည်တော်မူ၏။အဘယ်ကြောင့်ဆိုသော်
ကိုယ်တော်သည် မိမိကိုယ်ကိုမမှားယွင်းစေနိုင်သော
ကြောင့်တည်း။

## ဘုရားသခင်နှင့်နှစ်သက်တော်မူသော လုပ်သား

၁၄။ သင်တို့သည် ဤအကြောင်းအရာကို လူတို့အား
ဘုရားသခင်၏မျက်မှောက်တော်၌ လူတို့အားသတိ
ပေးလော့၊ စကားအသုံးအနှုန်းနှင့်ပတ်သက်၍ ငြင်း
ခုံခြင်းမပြုကြနှင့်။ ယင်းသို့ပြုခြင်းသည်အကျိုးမပြု
သည့်အပြင် ကြားရသူတိုင်း၏ အကျိုးကိုသာယုတ်
၁၅။ စေတတ်၏။ သင်သည် မိမိ၏အလုပ်ကို ရှက်
ကြောက်ခြင်းမရှိဘဲလုပ်သော လုပ်သားတစ်ဦးကဲ့
သို့လည်းကောင်း၊ဘုရားသခင်၏သစ္စာတရားတော်
ကိုမှန်ကန်စွာ ဟောပြောသူအဖြစ် လည်းကောင်း၊
ဘုရားသခင် နှစ်သက်လက်ခံတော်မူစေရန် အစွမ်း
၁၆။ ကုန် ကြိုးစားအားထုတ်လော့။ ဘုရားသခင်ကို
ထိခိုက်စော်ကား၍ အချည်းအနှီးဖြစ်စေသော ဆွေး
နွေးခြင်းများကိုရှောင်ကြဉ်လော့။ ဤသို့သော ဆွေး
နွေးခြင်းများသည် လူတို့အားဘုရားသခင်နှင့်ပို၍
၁၇။ ပင် ဝေးကွာစေ၏။ ထိုကဲ့သို့သော သွန်သင်ချက်
သည် အသားကိုပုပ်ရိစေတတ်သည့် ရူနာနှင့်တူ၏။
ထိုသို့သွန်သင်သော လူနှစ်ဦးကား**ဟေမေနေဦး**နှင့်**ဖိ**
၁၈။ **လက်တစ်**တို့ဖြစ်ကြ၏။ သူတို့သည် သမ္မာတရား
လမ်းမှ လွဲသွားလျက် သေလွန်သောသူတို့သည်
ရှင်ပြန်ထမြောက်ကြပြီဟု ဆိုကာ လူအချို့တို့၏ယုံ
၁၉။ ကြည်ခြင်းကိုရှုပ်ထွေးစေကြ၏။ သို့ရာတွင် ဘုရား
သခင်ချထားတော်မူသည့်အုတ်မြစ်သည်ခိုင်ခံ့လျက်ရှိ
ပေသည်။ ထိုအုတ်မြစ်ပေါ်တွင် 'ထာဝရ ဘုရား
သည်' မိမိ၏လူမျိုးတော်ကိုသိတော်မူ၏ဟူ၍လည်း
ကောင်း၊ ဘုရားသခင်ပိုင်ဆိုင်တော်မူသော လူမျိုး
တော်တို့သည်မကောင်းမှုကိုရှောင်ကြဉ်ရကြမည်ဟူ၍
လည်းကောင်း ကမ္ပည်းရေးထိုး၍ ထားသတည်း။
၂၀။ ကြီးမားသော အိမ်ကြီး၌တည်ခင်းကျွေးမွေးရန် ပန်း
ကန်လုံး၊ ပန်းကန်ပြားကြီးများအမျိုးမျိုးရှိ၏။ အချို့
မှာရွှေ၊ငွေနှင့်ပြုလုပ်ထား၏။ ကျန်အချို့မှာသစ်သား၊
မြေဖြင့်လုပ်ထား၏။ အချို့ကို အခါကြီးရက်ကြီး
များ၌အသုံးပြုရန်နှင့် အချို့ကို နေ့တိုင်းအသုံးပြုရန်
၂၁။ ဖြစ်သည်။ မကောင်းမှုများမှ ကင်းစင်သောသူတို့
သည် အထူးအသုံးပြုခြင်းကိုခံရလိမ့်မည်။ အဘယ်
ကြောင့်ဆိုသော် သူတို့သည်မိမိတို့၏သခင်အတွက်
ဆက်ကပ်ထား၍ အသုံးဝင်သူများ၊ ကောင်းမြတ်
သည့် အမှုအရာမှန်သမျှကို လုပ်ဆောင်ရန် အသင့်
၂၂။ ရှိသောကြောင့်ဖြစ်၏။ သက်ရွယ်ပျိုသူတို့၏ ရမ္မက်
ဆန္ဒများကိုရှောင်ကြဉ်လော့၊ သခင်ဘုရားအားသန့်
ရှင်းစင်ကြယ်သောစိတ်နှင့် ပတ္ထနာပြုသူအပေါင်းတို့
နှင့်အတူ ဖြောင့်မတ်ခြင်း၊ ယုံကြည်ခြင်းတရား၊
မေတ္တာတရားနှင့် ငြိမ်းချမ်းသာယာမှုကို ရှာလော့။
၂၃။ သို့ရာတွင်မိုက်မဲ၍ အသိပညာကင်းမဲ့သော ငြင်းခုံမှု
များကိုရှောင်လော့။ ယင်းတို့သည် ခိုက်ရန်ဖြစ်ပွား
မှုများနှင့် အဆုံးသတ်တတ်ကြောင်းကို သင်သိ၏။
၂၄။ သခင်ဘုရား၏အစေခံဟူသည် ခိုက်ရန်မပြုဘဲ လူ
တိုင်းအား သနားကြင်နာ၍ သည်းခံတတ်သောဓမ္မ
၂၅။ ဆရာကောင်းတစ်ဦးဖြစ်ရမည်။ မိမိအား ဆန့်ကျင်
ဘက်ပြုသူများကို နူးညံ့သိမ်မွေ့စွာ ဆုံးမတတ်သူ
ဖြစ်ရမည်။ဘုရားသခင်က သူတို့သည်နောင်တရ၍
သမ္မာတရားတော်အားသိရှိလာနိုင်ခွင့်ကို သူတို့အား
၂၆။ ပေးတော်မူလိမ့်မည်။ ထိုအခါ သူတို့သည်အဖြစ်
မှန်ရရှိလာပြီးလျှင် နတ်ဆိုး၏ကျော့ကွင်းမှ လွတ်
မြောက်ကြလိမ့်မည်။ အကြောင်းမူကား နတ်ဆိုး
သည် မိမိအလိုကိုလိုက်နာစေရန် သူတို့အား
ဖမ်းဆီးထားခဲ့သောကြောင့်တည်း။

## အခန်းကြီး (၃)

## နောက်ဆုံးသော နေ့ရက်များ

၁။ နောက်ဆုံးသော နေ့ရက်များသည် ကြပ်တည်းခဲ
ယဉ်းသော ကာလဖြစ်လိမ့်မည်ကိုသိမှတ်ကြလော့။
၂။ လူတို့သည် တစ်ကိုယ်ကောင်းစိတ်ရှိသူ၊ လောဘ
ကြီးသူ၊ ကြွားဝါသူ၊ မိမိကိုယ်ကို အထင်ကြီးသူ၊
စော်ကားသူ၊ မိဘတို့ကိုတော်လှန်သူ၊ကျေးဇူးတရား
၃။ မသိသူ၊ ဘုရားတရားမကြည်ညိုသူ၊အကြင်နာမဲ့သူ၊
ရက်စက်ကြမ်းကြုတ်သူ၊ သူတစ်ပါး အသရေကို
ဖျက်သူ၊ အကြမ်းဖက်သူ၊ ကြမ်းတမ်းသူ၊ကောင်း

၄။ မြတ်သည့်အရာကိုမုန်းသူ၊ သစ္စာဖောက်သူ၊တရားမဲ့
ပြုမူသူ၊မာနကြီးသူ၊ ဘုရားသခင်ကို နှစ်သက်သည်
၅။ ထက် ကာမဂုဏ်ခံစားမှုကိုပို၍နှစ်သက်သူ။ဘာသာ
ရေးတရားဆိုင်ရာဓလေ့ထုံးစံများကို လိုက်နာသော်
လည်း ဘာသာတရား၏ စွမ်းအင်အစစ်အမှန်ကိုမူ
၆။ ငြင်းပယ်သောသူများဖြစ်ကြလိမ့်မည်။ သင်သည်
သူတို့ကိုရှောင်လော့။ သူတို့ထဲမှ အချို့တို့သည်
အိမ်များသို့ဝင်၍ စိတ်ဓါတ်ပျော့ညံ့သောအမျိုးသမီး
တို့ကို မိမိတို့လက်တွင်းသို့ရောက်အောင် ချုပ်ကိုင်
ခဲ့ကြ၏။ ထိုအမျိုးအမီးတို့သည် ပြုမိခဲ့သည့်အပြစ်
များဖြင့် လေးလံ၍အမျိုးမျိုးသောအာသာရမ္မက်များ
၇။ ၏ ဆွဲဆောင်မှုကိုခံလျက်၊ သင်ကြားမှုကို ခံယူရန်
အစဉ်ပင်လိုလားကြသော်လည်း မည်သည့်အခါ၌မျှ
သမ္မာတရားကိုနားလည်နိုင်စွမ်း မရှိသူများဖြစ်ကြ
၈။ ၏။ **ယန္နက်**နှင့်**ယံဗြေ**တို့သည် **မိုးဇက်**ကိုဆန့်ကျင်
ဘက်ပြုသကဲ့သို့ ထိုလူတို့သည်လည်း သမ္မာတရား
၉။ တော်ကိုဆန့်ကျင်ဘက်ပြုကြ၏။ သို့ရာတွင် သူတို့
၏ အောင်မြင်မှုသည် တာရှည်ခံလိမ့်မည်မဟုတ်၊
**ယန္နက်**နှင့်**ယံဗြေ**တို့ကဲ့သို့ ထိုသူတို့၏ မိုက်မဲမှုကို
လည်း လူအပေါင်းတို့ တွေ့ရှိလာကြမည်ဖြစ်သော
ကြောင့်တည်း။

### နောက်ဆုံးသောညွှန်ကြားချက်များ

၁၀။ သို့ရာတွင် သင်သည် ငါ၏ဩဝါဒ၊ ငါ၏အကျင့်
သိက္ခာ၊ ငါ၏ဘဝရည်မှန်းချက်ကို လိုက်နာခဲ့ပြီ။
ငါ၏ယုံကြည်ခြင်း၊ ငါ၏သည်းညည်းခံခြင်း၊ငါ၏
၁၁။ မေတ္တာ၊ ငါ၏ခံနိုင်ရည်၊ငါခံရသည့်ညှင်းဆဲနှိပ်စက်
ခြင်းများ နှင့်ဘေးဒုက္ခဆင်းရဲခြင်းများကို သင်တွေ့
မြင်ခဲ့ပေသည်။ **အန္တိယော့**၊ **အိကောနိမြို့** နှင့်
**လစ္စတြာ**မြို့တို့တွင် ညှင်းဆဲနှိပ်စက်ခြင်းအမျိုးမျိုး
တို့ကို ငါခံခဲ့ရကြောင်းသင်သိ၏။ သို့ရာတွင်သခင်
ဘုရားသည် ထိုဒုက္ခအပေါင်းမှ ငါ့ကိုကယ်တော်မူ
၁၂။ ခဲ့၏။ ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်လျက်
ဘုရားဝတ်၌မွေ့လျော်လိုသူတိုင်း နှိပ်စက်ညှင်းဆဲ
၁၃။ ခြင်းခံရလိမ့်မည်။ ဆိုးညစ်သူများ၊အယောင်ဆောင်
လှည့်စားသူများသည် ဆိုးယုတ်သည်ထက်ပိုမိုဆိုး
ယုတ်စွာ ပြုကျင့်လာကြလိမ့်မည်။ သူတို့သည် သူ
တစ်ပါးတို့အားလှည့်စား၍ မိမိတို့ကိုယ်တိုင်လည်း
၁၄။ အလှည့် စားခံရလိမ့်မည်။ သို့သော် သင်သည်
မိမိသင်ယူ၍ စွဲမြဲစွာယုံကြည်သည့်သစ္စာတရားများ
ကို ဆက်လက်စောင့်ထိန်းလော့၊ သင်၏ ဆရာ
သမားများသည် မည်သူများဖြစ် ကြသည်ကိုသင်
၁၅။ သိ၏။ သင်အားငယ်ရွယ်စဉ်အခါမှစ၍ အသိပညာ
ပေးပြီး ခရစ်တော်**ယေရှု**ကို ယုံကြည်ခြင်းအားဖြင့်
ကယ်တင်ခြင်းရရှိစေရန်လမ်းညွှန်ပေးသောအရာမှာ
သမ္မာကျမ်းစာတော်မြတ်ဖြစ်ကြောင်းကို သင်သတိ
၁၆။ ပြုလော့။ ကျမ်းချက်မှန်သမျှသည် ဘုရားသခင်၏
လမ်းညွှန်လှုံ့ဆော်မှုဖြင့် ရေးသား ပြုစုထားသော
ကြောင့် သမ္မာတရားတော်ကိုသွန်သင်ခြင်း၊ဆုံးမဩ
၁၇။ ဝါဒပေးခြင်း၊ အမှားများကိုပြုပြင်ခြင်း၊လျှောက်ပတ်
စွာ သက်ရှင်နေထိုင်တတ်ရန် လမ်းညွှန်ခြင်းတို့ကို
ပြုရန်အသုံးဝင်၍ ဘုရားသခင်၏ အမှုတော်ဆောင်
သူသည် လိုအပ်သောအရည်အချင်းများနှင့် ပြည့်ဝ
စုံလင်၍ ကောင်းမြတ်သော အမှုအမျိုးမျိုးတို့ကို
ဆောင်ရွက်လာနိုင်ပေမည်။

## အခန်းကြီး (၄)

၁။ ဘုရားသခင်၏ ရှေ့တော်မှောက်၌လည်းကောင်း၊
သေသူရှင်သူတို့ကို တရားစီရင်တော်မူမည့် ခရစ်
တော်**ယေရှု**ရှေ့တော်မှောက်၌လည်းကောင်း၊ ကိုယ်
တော်သည် အုပ်စိုးရန်ဘုရင်အဖြစ်ကြွလာမည်ဖြစ်၍
၂။ သင့်အားငါတိုက်တွန်းနှိုးဆော်ပါ၏။ အချိန်အခါ
သင့်သည်ဖြစ်စေ၊ မသင့်သည်ဖြစ်စေ၊ တရားတော်
ကိုဟောပြောကြေညာလော့။ ကြားနာသူတို့အားနား
လည်သဘောပေါက်စေလော့။ ဆုံးမလော့၊အားပေး
၃။ တိုက်တွန်းလော့။ စိတ်ရှည်စွာသွန်သင်လော့။ လူ
တို့သည်မှန်ကန်သည့်ဒေသနာတော်ကိုနားမထောင်
ဘဲ ကိုယ့်အလိုဆန္ဒများကိုလိုက်၍ မိမိတို့ကြားနာ
လိုသည့် စကားများပြောဆိုမည့်ဆရာသမားများကို
၄။ ရှာဖွေကြမည့် အချိန်ကာလရောက်လိမ့်မည်။ သူတို့
သည်သမ္မာတရားကို နားမထောင်ဘဲ ဒဏ္ဍာရီပုံပြင်
၅။ များကိုသာ နားထောင်ကြလိမ့်မည်။ သင်မူကား
မည်သည့်အမှုမျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ သမ္မာ
သတိရှိလော့။ ဆင်းရဲဒုက္ခခံလော့။ သတင်းကောင်း
ကြေညာသည့်အလုပ်ကို ဆောင်ရွက်လော့။ ဘုရား
သခင်၏အစေခံအနေဖြင့် သင်၏ တာဝန်ရှိသမျှကို

၆။ ထမ်းဆောင်လော့။ ငါသည်မိမိအသက်ကို ပူဇော်ရ
မည့်အချိန်ကျရောက်လာပြီ။ ဤလောကမှ ထွက်ခွါ
၇။ ရမည့်အချိန် နီးကပ်လာပြီ။ ငါသည် ပြေးပွဲတွင်
အစွမ်းကုန်ကြိုးစားခဲ့ပြီ။ငါသည်ပြေးရသောလမ်းကို
အဆုံးတိုင်အောင် ပြေးခဲ့ပြီ။ ယုံကြည်ခြင်းတရားကို
၈။ စောင့်ထိန်းခဲ့ပြီ။ ယခုအခါ၌ သခင်ဘုရားနှင့်မှန်
ကန်စွာ ဆက်ဆံသူအား ပေးအပ်သည့် အောင်ဆု
လာဘ်သည် ငါ့အတွက်အသင့်ရှိနေပြီ။ ဖြောင့်မတ်
စွာ တရားစီရင်တော်မူသော တရားသူကြီးတည်း
ဟူသော သခင်ဘုရားသည်ထိုဆုလာဘ်ကို တရား
စီရင်တော်မူရာနေ့၌ ငါ့အားပေးတော်မူလိမ့်မည်။
ငါ့ကိုသာမက ဤလောကသို့နောက် တစ်ဖန်
ကိုယ်တော်ပေါ်ထွန်းတော်မူမည်ကို တောင့်တစောင့်
မျှော်သူအပေါင်းတို့အားလည်းပေးတော်မူလိမ့်မည်။

## ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော အမှာစကားများ

၉။ ငါထံသို့အမြန်လာရန် အစွမ်းကုန်ကြိုးစားလော့။
၁၀။ **ဒေမတ်**သည် ဤလောကကိုစွဲလန်းသဖြင့် ငါ့ကိုစွန့်
ခွါ၍ **သက်ဆာလောနိက**မြို့သို့ ထွက်ခွါသွားလေပြီ။
**ခရက်စင်း**သည် **ဂလောတိ**သို့လည်းကောင်း၊ **တိုင်**
**တစ်**သည် **ဒါမာတိယာ**သို့လည်းကောင်း သွားပြီ။
၁၁။ **လုက**တစ်ဦးတည်းသာလျှင် ငါနှင့်အတူရှိတော့၏။
**မာကု**ကိုရှာ၍ သင်နှင့်အတူ ခေါ်ခဲ့လော့။ သူသည်
၁၂။ ငါ၏လုပ်ငန်းတွင်ကူညီနိုင်သူဖြစ်ပေသည်။ငါသည်
၁၃။ **သိခိဦး**ကို **ဧဖက်စု**မြို့သို့စေလွှတ်လိုက်၏။ သင်
လာသောအခါ**ထရော**မြို့တွင် **ကာပု**အား ငါပေးအပ်
သော ဝတ်လုံနှင့်စာစောင်များ၊ အထူးသဖြင့် သား
၁၄။ ရေပုရပိုက်များကိုယူခဲ့လော့။ ကြေးပန်းတိမ်ဆရာ
**အလက်ဇန္ဒား**သည် ငါ့အားများစွာ ထိခိုက်နစ်နာစေ
ခဲ့၏။ သူပြုခဲ့သည့် အမှုများအတွက် သခင်ဘုရား
သည် သူ့အား အပြစ်ဒဏ် စီရင်တော်မူလိမ့်မည်။
၁၅။ သင်ကိုယ်တိုင် သူ့ကိုသတိပြုလော့။ သူသည်ငါတို့
ဟောပြောသော တရားတော်ကို ပြင်းပြင်းထန်ထန်
၁၆။ ဆန့်ကျင်ပြောဆိုသူဖြစ်သည်။ ငါ၏အမှုကို ပထမ
အကြိမ်စစ်ဆေးရာတွင် ငါ့ကို ခုခံကာကွယ်ရန်
အဘယ်သူမျှ ငါ့ဘက်၌ မရှိကြ။ အားလုံးပင်ငါ့ကို
စွန့်ပစ်၍သွားကြ၏။ ထိုသူတို့ ဤသို့ပြုကြသည်ကို
သခင်ဘုရားသည် သူတို့၏အပြစ်ကို မှတ်တော်မမူ
၁၇။ ပါစေနှင့်။ သခင်ဘုရားသည် ငါနှင့်အတူရှိတော်မူ ၍
ငါ့ကိုခွန်အားပေးတော်မူသဖြင့် ငါ့သည် လူမျိုး
ခြားအပေါင်းတို့အား တရားတော်ကို အကုန်အစင်
ဟောပြောနိုင်ခဲ့၏။ ကိုယ်တော် ကယ်တင်တော်မူ
သဖြင့် ငါသည်သေဒဏ်ခံရခြင်းမှကင်းလွတ်ခွင့်ကို
၁၈။ လည်းရရှိ၏။ သခင်ဘုရားသည် ငါ့အား ဘေးအန္တ
ရာယ်အပေါင်းတို့မှ ကယ်နုတ်တော်မူ၍ မိမိ၏
ကောင်းကင်နိုင်ငံတော်သို့ လုံခြုံစွာ ပို့ဆောင်တော်မူ
လိမ့်မည်။ကိုယ်တော်သည်ကမ္ဘာအဆက်ဆက်ဘုန်းအ
သရေထွန်းတောက်တော်မူပါစေသတည်း။ အာမင်။

## နောက်ဆုံးနှုတ်ဆက်စကား

၁၉။ **ပရစ်စီးလာ**နှင့်**အကွီလာ**တို့မှ စ၍ **အိုနေစိဖေါရု**၏
၂၀။ မိသားစုအားနှုတ်ဆက်လိုက်ပါ၏။ **အဲရားစတု**သည်
**ကောရင့်**မြို့တွင်နေရစ်ခဲ့၏။ **တြိုဖိမု**သည်ဖျားနာနေ
သဖြင့် သူ့ကို **မိလက်တု**မြို့တွင် ငါထားခဲ့၏။
၂၁။ ဆောင်းဥတုမကျမီ သင်လာနိုင်ရန် အစွမ်းကုန်ကြိုး
စားလော့။ **ယူဗုလု**၊**ပုဒင်**၊**လိနု**၊**ကလောဒီဦး**တို့မှစ၍
ခရစ်ယာန်ညီအစ်ကိုအပေါင်းတို့က နှုတ်ဆက်လိုက်
၂၂။ ကြ၏။ သခင်ဘုရားသည် သင်နှင့်အတူ ရှိပါစေ
သော။ သင်တို့အပေါင်းသည် သခင်ဘုရား၏ကျေး
ဇူးတော်ကို ခံစားရကြရပါစေသော။